
ပိပီ
(မန္တလေး)
လူစားလဲဖို့
ခေါ်နေတယ်

## "လူစားလဲဖို့ စောင့်နေတယ်"

မန်ကျည်းတောရွာက ငွေတိုးချေးသူ မအေးခင်ဆိုလျှင် မသိသူ မရှိ။ ကလေးက အစ ခွေးအဆုံး အကုန်သိ၏။

မအေးခင် ဆိုတာကလည်း မန်ကျည်းတောရွာမှာ ဆတ်ဆတ်ကြဲ။ အခုခေတ်စကားနဲ့ဆိုရရင် မအေးခင်က ရွာထဲမှာတော့ ဖိုက်တာ။

ငွေတိုးချေးစားသည်။ ရွှေ၊ ငွေ၊ လယ်မြေ စသည်တို့ကို အပေါင်ခံသည်။

ငွေကို ငွေဖြင့် ဆတိုးရင်းပွားရအောင် အဆမတန် အတိုးနှုန်း ကြီးမြင့်စွာ ငွေတိုးချေးစားသူတစ်ယောက် ဖြစ်ပါ၏။

ငွေလိုအပ်သူများအဖို့ အရေးတကြီး ငွေလိုချိန်တွင် အတိုးနှုန်းကို ထည့်စဉ်းစားနိုင်သည် မဟုတ်။ လတ်တလော အဆင်ပြေရေးသာ အဓိကဆိုတော့ မအေးခင်ထံ ချေးငှားကြသည်သာ။

အတိုးနှုန်းက အရင်းထက် များလာပြီး၊ လည်းပင်းခိုက်လေမှ အခက်တွေ့ကြရသည်။ အသက်ရှူရကျပ်ကုန်သည်။ ပေးဆပ်ရမည့် ငွေတိုးအကြောင်း စဉ်းစားမိလေတိုင်း အိပ်မပျော်နိုင်တော့ပေ။

အတိုးဆိုတာ အဆင်မပြေသေးလို့ ဆိုင်းပါဦး ငံ့ပါဦးဟု ပြောမရ။ မအေးခင် ရာဇဝင်မှာ တစ်ကျပ်တစ်ပြားပင် အလျှော့ပေးဖူးသည် မရှိ။ တင်းပြည့်ကျပ်ပြည့် အရယူခဲ့သည်သာ။

ထိုအခါ ငွေရှင် မအေးခင်နှင့် အဆင်မပြေ ဖြစ်လာကြ၏။ အဆူအဆဲတွေ ငြင်းခုံသံတွေ ပွက်လောရိုက်ကုန်ကြ၏။

နှုတ်ဝစီ ဆိုးရွားကြမ်းတမ်းလှသော မအေးခင်ကို မည်သူကမျှ နိုင်အောင် နှုတ်လှန် မထိုးနိုင်ကြ။ နောက်ဆုံးတွင် သူ့အလိုကိုသာ မတတ်သာပဲ လိုက်ရောကြရသည်။

အချို့တွေ၏ ပေါင်နှံထားသော ရွှေတို့ လယ်ယာမြေတို့မှာ မအေးခင်၏ ကလိမ်ကကျစ်ကျမှုကြောင့် အဆမတန် ဈေးအနှိမ်ခံရပြီး ဆုံးရှုံးကြရသည်။

မအေးခင် အလုပ်ကလည်း ချေးငှားပေါင်နှံသူတွေကို နင်ပဲငဆ ပြောနိုင်ဆိုနိုင်မှ တော်ကာကျသည်ဟုဆို၏။

တစ်ခါတစ်ရံများဆိုလျှင် ဖိုက်တာမအေးခင်နှင့် အကြွေး ပြန်မဆပ်နိုင်သူတို့ လူချင်း နပန်းလုံး သတ်ပုတ်ရသေး၏။

မအေးခင်သည် အရပ်မောင်းကလည်းကောင်း၏။ မျက်နှာထားကလည်းဆိုး၏။ ဗိုက်ပူပူ တင်ကောက်ကောက်ဖြင့် ကြည့်ရဆိုးသည်ဟု ဆိုရမည်ဖြစ်သည်။ သတ္တိကလည်း ခပ်ကောင်းကောင်း။ လုပ်ရဲကိုင်ရဲ မိုက်ဂုဏ် ဇကလေးလည်း ရှိလေ၏။

ငွေအကြောင်းကိုသာ အမြဲ တွေးနေတတ်သူမို့လားမသိ။ သူ့မျက်နှာက ခြသေ့်ကြီးမျက်နှာလို ရှုံ့တွတွ မဲ့ရွဲ့ရွဲ့ရယ်။

အမည်ကသာ မအေးခင်၊ လူကတော့ အေးလည်းမအေးသလို ငွေကြေးနှင့်ပတ်သက်လာလျှင် ခင်မင်မှုဆိုတာ ဘေးချိတ်ထားတတ်သူ။

သူမအတွက် အဓိကကငွေ။ ငွေတိုးမှန်မှန် ပေးနိုင်သူများကိုတော့ မအေးခင်သည် ရယ်ကာ မောကာ ဆက်ဆံတတ်ပေမဲ့၊ အတိုး မှန်မှန် မပေးနိုင်သူများအပေါ် နိုင်ထက်စီးနင်း ပိုးဆိုးပက်စက်တွေ ဆဲဆိုဆူပူ ကြိမ်းမောင်းတတ်၏။

စိတ်ဓာတ် ခက်ထန်ကြမ်းတမ်းသော၊ နှုတ်ဝစီ စကားကြမ်း အယုတ်န

တ္တာများ ထွက်တတ်သော မအေးခင်အား တစ်ရွာလုံး ဘယ်သူကမှ နှစ်လိုခြင်း မရှိ။

မအေးခင်အား မဖြစ်မနေ ဆက်ဆံပေါင်းသင်းရသူများသာ မကောင်းတတ်၍ စကားပြောဆိုနေရခြင်း ဖြစ်သည်။

လမ်းတွေ့လို့ လူချင်း နှုတ်ဆက်တာတောင် မအေးခင်က အထက်စီးဖြင့်၊

"ဟဲ့ကောင်မ ... အံမယ် အံမယ် နင်က ငါ့ကို လူချင်းတွေ့တာတောင် မျက်နှာလွဲလို့၊ မနက်ဖြန် နင် ငါ့အတိုး လာပေးရမှာ မေ့မနေနဲ့ ကောင်မ၊ နင် မလာလို့ကတော့ ငါ့အကြောင်းကို သိတယ်မဟုတ်လား"

လူကြားသူကြားထဲ ဤသို့ဤပုံ အပြောခံရသူမှာ သူ့အကြွေးမကင်းပေမဲ့ ရှက်ဖွယ် ဖြစ်နေ၏။

ထို့ကြောင့် ခေါင်းကိုသာ ညိတ်ပြ၍ အသာလေး ရှောင်ထွက်သွားတတ်ကြသည်။

ထိုသူ၏ စိတ်ထဲမှာတော့ မအေးခင်အား ကျိန်ဆဲ နေလိမ့်မည်။

ထိုမျှသာမက မအေးခင်သည် ရွာထဲက အကြွေးရစရာ ရှိသော အိမ်များမှ ခြံထွက်သီးနှံများကိုလည်း အိမ်ရှင် ကြိုက်ကြိုက် မကြိုက်ကြိုက် အလိုက်ကမ်းဆိုးမသိ၊ ခူးဆွတ်သွားလေ့ရှိ၏။

တစ်ခါတစ်ရံ အိမ်မှာ ဘာမှ မချက်၊ ထမင်းစားချိန် ကွက်တိ အကြွေးလှည့်တောင်းရင်း သူများ ထမင်းဝိုင်း ဝင်စားတတ်သေး၏။

ရွာထဲက မအေးခင်အား ကွယ်ရာ၌ မငွေခင်ဟု ခေါ်ကြသည်လည်းရှိ၏။ အချို့က မအေးခင်ကို ချစ်တီးမဟုလည်း ခေါ်ကြပြန်သေးသည်။

တစ်ခါများဆို မအေးခင်သည် လွန်စွာ ကလိမ်ကကျစ် နိုင်လှ၏။

ငွေ စချေးစဉ်က သဘောတူထားသော အတိုးနှုန်းထက် မအေးခင်သည်

ပို၍ တောင်းခံခြင်း ဖြစ်သည်။

ဖြစ်စဉ်အမှန်က တောင်သူ ကိုတင်ဖေတို့ ဇနီးမောင်နှံသည် မအေးခင်ထံသို့ ၎င်းတို့ပိုင် လယ် ၂ဧကကို လာရောက် ပေါင်နှံကြသည်။

လယ်ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းများကို မအေးခင်ထံ အပေါင်ထားခဲ့ရ၏။

ပေါင်နှံစဉ်က အတိုးနှုန်းစကား ပြောကြရာတွင် ၁၀၀ကျပ်ကို ၇ကျပ်နှုန်း အတိုးပေးရမည်ဟု သဘောတူခဲ့ကြ၏။ ကိုတင်ဖေက ၃လလောက်ပဲ ကြာမည်ဟု ဆိုခဲ့သည်။

သို့သော် အဆင်မပြေ၍ ၅လခန့် ကြာမြင့်သွားသည်။

၆လထဲရောက်၍ အဆင်ပြေသည့်အခါ သူတို့ လယ်ယာမြေကို လာရွေး၏။ ဤမှာ မအေးခင်က ညစ်ကွက် ထွင်လေတော့သည်။

"နင် လာပေါင်တုန်းက ၃လပဲ ကြာမယ်ဆိုလို့ ငါက ၇ကျပ်နဲ့ လုပ်ပေးလိုက်တာ၊ အခု ၅လကျော် ၆လထဲ ရောက်လာပြီ၊ ငါ့ဘက်က နစ်နာတယ်၊ အတိုးကို ၁၀ကျပ်နှုန်း ပေးရမယ်"

ကိုတင်ဖေက လူရိုးလူပြတ်ဆိုတော့၊ မအေးခင်ရဲ့ မမှန်မကန်သော လောဘတက်မှုကို ဒေါသနဲ့ တုံ့ပြန်၏။

"ဟာ အစ်မအေးခင်ရာ၊ ကျုပ်တို့က အဆင်မပြေလို့ လာမရွေးတာပါ၊ ခင်ဗျား အဲ့သလိုတော့ မတရား မလုပ်ပါနဲ့"

မအေးခင်လေ သိတယ်မို့လား။ ဘယ်သူ့မှ အလျှော့ပေးတာ မဟုတ်။

မဟုတ်မခံ ပက်ကနဲ ပြန်ပြောလာသော ကိုတင်ဖေကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး ရန်စွယ်ငေါငေါဖြင့် ရန်လုပ်ပါလေရော။

"ဟဲ့ နင် ဘယ်လို ပြောလိုက်တယ် တင်ဖေ၊ ငါက မတရား လုပ်တာ

ဟုတ်လား၊ အမယ်လေး အရပ်ကတို့ရေ ကြားကြားကြရဲ့လား၊ ဟောဒီမယ် ကျုပ်ဆီက ပိုက်ဆံယူထားတဲ့ သူတော်ကောင်းကြီးက ကျုပ်ကို မတရားဘူး တဲ့တော်ရေ"

"မတရားတာက အမှန်ပဲလေ။ ဘယ့်နှယ်ဗျာ သဘောတူသတ်မှတ်ထားတဲ့ အတိုးနှုန်းထက် ပိုလိုချင်ရတယ်လို့။ ခင်ဗျားဟာက ကိုလိုနီခေတ်က ချစ်တီးကုလားထက်တောင် ယုတ်မာသေး"

"ဟဲ့ တင်ဖေ၊ နင်တို့ ငါ့ဆီက ပိုက်ဆံလာယူတုန်းက ဘယ်လိုမျက်နှာနဲ့လဲ ဟင်။ ငါ့ပိုက်ဆံနဲ့ မျိုး ကြဆိုကြတုန်းကတော့ ဒီ အခွက်တွေလား၊ ဒီမယ် နင်တို့လင်မယားကို ငါ အပြတ်ပြောလိုက်မယ်၊

အတိုးနှုန်း ၁၀ မပေးလို့ကတော့ နင်တို့လယ်မြေ အဆုံးပဲဟေ့၊ အေးခင်ကို ဘာထင်နေလဲ၊ ငါ့ပိုက်ဆံ အပြည့်မရလို့ကတော့ နင်တို့ လယ်ယာမြေစာချုပ် ပြန်မရဘူးမှတ်"

ထိုကိစ္စနဲ့ ပတ်သက်ပြီး မအေးခင်နှင့် ကိုတင်ဖေတို့ ဇနီးမောင်နှံ နှစ်ဖက် အကြီးအကျယ် စကားများကြသည်။

မအေးခင်က ယုတ်တီးနတ္တာ အဆဲတွေဖြင့် စုံလင်အောင် ဆဲ၏။ စကားကို နိုင်လိုမင်းထက် ပြော၏။

ကိုတင်ဖေက ယောကျ်ားဆိုတော့ စကားနဲ့ မပြောချင်၊ နီးရာ တုတ်တစ်ချောင်းဆွဲ၍ ရိုက်မည်ပြင်၏။

ကိုတင်ဖေ၏ ဇနီးက ဆွဲထားရသည်။

မဆွဲလို့က မဖြစ်ဘူးလေ။

သူ့အိမ် သူ့ခြံထဲမှာ ရိုက်နှက်မိပါက အချုပ်အနှောင် တန်းသွားရမည် မဟုတ်လား။ ထို့ကြောင့် ဒေါသကို ထိန်းရန် ဖျောင်းဖျ ပြောဆိုရသည်။

စာချုပ်က မအေးခင်လက်ထဲမှာဆိုတော့ နောက်ဆုံး ကိုတင်ဖေတို့ ဇနီးမောင်နှံပဲ မကျေနပ်ပေမဲ့ အလျှော့ပေးလိုက်ကြရသည်။ မအေးခင် တောင်းသည့် ငွေကို မသထာပဲ ပေးလိုက်ရလေ၏။

အနိုက်ကိစ္စရပ်ကြောင့် မန်ကျည်းတောရွာထဲက လူများသည် မအေးခင်နှင့် ဆက်ဆံရမည်ကို ကြောက်သွားကြသည်။

မတော်လောဘ ကြီးတတ်လေသော မအေးခင်ထံ ချေးငှားရမည်ကို လက်တွန့်ကုန်ကြသည်။

မအေးခင်အတွက် မန်ကျည်းတောရွာ ဖောက်သည်တွေ လျော့ပါးကုန်၏။

ထို့ကြောင့် မအေးခင်သည် ရွာနီးချုပ်စပ်သာမကက တခြားရွာက သူစိမ်း အချို့ကိုပါ ချေးငှားရလေတော့သည်။

အခုတလော မအေးခင်တစ်ယောက် တစ်ဖက်ရွာဖြစ်သော ပေပင်ကုန်း ရွာဘက်သို့ ဆက်ကျနေ၏။

ထိုရွာက လူအချို့သည် မအေးခင်ထံ ငွေချေးငှားလာကြသည်။ အတိုးကို မအေးခင်သည် တစ်ပတ် တစ်ရက်လောက် ထိုရွာသို့ သွား၍ ကောက်ခံလေ့ ရှိသည်။

အစောပိုင်းကာလများမှာတော့ မအေးခင်သည် သူ နိုင်ရသော အမျိုးသမီး အချို့ကို အဖော်ခေါ်သွားလေ့ရှိ၏။

သို့သော် မအေးခင်၏ စရိုက်ကြောင့် အဖော်က မမြဲပေ။ မအေးသည် အယူသာရှိ၏။ ပေးကမ်းခြင်း၌ လက်နှေးသည်။ စေတနာသဒ္ဓါတရား ခေါင်းပါး၏။

သူမသည် ခေါ်သွားသော အဖော်အား နေ့တွက်သဘောမျိုး ဘာညာ ပေးသည်မဟုတ်။

ယုတ်စွအဆုံး မုန့်ဟင်းခါး တစ်ပွဲတောင် ဝယ်ကျွေးသည် မရှိ။

ရွာခံက ချကျွေးသော မုန့်ပေါက်ကြော်တို့သာ အလှူလက်ဖက်နဲ့ မျက်နှာလုပ်တတ်၏။

ထို့ကြောင့် ကြာလာတော့ သူ့အကြောင်းသိသူတွေက မအေးခင် လာခေါ်လျှင် တခြားသော အလုပ်အကြောင်းကိုပြ၍ မလိုက်တော့ပေ။

ခေါ်မရသည့်အခါ မအေးခင်သည် တစ်ယောက်တည်း ပေပင်ကုန်းသို့ သွားတောင်းရ၏။

အကြွေးဆိုတာကလည်း မနက်စောစော တောင်းရသည် မဟုတ်လေတော့၊ နေ့လယ် မွန်းလွဲချိန်လောက်မှ ရွာက စတင် ထွက်ရသည်သာ။

တစ်မိုင်သာသာ ရှိမည့် ပေပင်ကုန်းကို မအေးခင်သည် ခြေကျင် သွားသည်။

ရွာတွေမှာက ဤသို့ ခြေကျင်ပဲ လျှောက်နေကြ။ မြို့မှာလို ကား/ဆိုင်ကယ် စသော တက္ကစီ ရှိသည်မဟုတ်။

ဒီလိုပဲ သွားလာကူးလူး ဆက်ဆံနေကြသည်သာ။ နောက်တစ်ခုက သူတို့ဒေသသည် လူဆိုးဓားပြရန် မရှိ။ အေးချမ်း သာယာသည်။

ပေပင်ကုန်းနှင့် မန်ကျည်းတောရွာကို ဆက်သွယ်ထားသော မြေသားလမ်း၏ ဝဲယာ၌ ပေပင်အချို့ရှိ၏။ ထို့ကြောင့် ပေတောလမ်းဟု ခေါ်ကြသည်။

***